**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နေပြည်တော်ကောင်စီ**

စာအမှတ်၊ ၈/၁- ၁(၂၁၆)/ဦး၃(COVID-19)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်

ဦးစီးဌာနမှူး
နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
တပ်ဖွဲ့မှူး
နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး
ဥက္ကဋ္ဌ
ခရိုင်စီမံခန့်ခွဲမှုကော်မတီ(ဥတ္တရ၊ ဒက္ခိဏ)
ဥက္ကဋ္ဌ
မြို့နယ်စီမံခန့်ခွဲမှုကော်မတီ(အားလုံး)

အကြောင်းအရာ။ **ရခိုင်ပြည်နယ်မှ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့လာရောက်မည့်သူများနှင့် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရခိုင်ပြည်နယ်သို့ သွားရောက်ပြီး သက်ဆိုင်ရာဒေသများသို့ ပြန်လည်ဝင်ရောက်မည့်သူများအား စနစ်တကျ စစ်ဆေးရေးကိစ္စ**

ရည် ညွှန်း ချက်။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ၂၀-၈-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၁၈၇၈/၂၆၄/ COVID-19 / ကော်မတီ (၂၀၂၀)

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် (၁၆-၈-၂၀၂၀)ရက်နေ့၌ ပြည်ပသို့ ခရီးသွားရာဇဝင်မရှိဘဲ ပြည်တွင်းကူးစက်မှုအဖြစ် သုံးသပ်ရသော COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ(၁)ဦး စတင်တွေ့ရှိခဲ့ပြီး (၂၀-၈-၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းအထိ ပြည်တွင်းကူးစက်မှုအဖြစ်သုံးသပ်ရသော ဓာတ်ခွဲအတည်ပြုလူနာ(၆)ဦးတွေ့ရှိခဲ့ရ၍ Coronavirus Disease 2019 (COVID-19) ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်တွင် နေထိုင်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် တာဝန်မှအပ မြို့နယ်ပြင်ပသို့ သွားရောက်ခြင်းကိုတင်းကြပ်စွာ တားမြစ်ရန်နှင့် ရခိုင်ပြည်နယ်မှ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လာရောက်မည့်သူများအနေဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရခိုင်ပြည်နယ်သို့ သွားရောက်ပြီး သက်ဆိုင်ရာဒေသများသို့ ပြန်လည်ဝင်ရောက်သူများအနေဖြင့်လည်းကောင်း အောက်ပါအချက်များအား လိုက်နာဆောင်ရွက်စေရေး အသိပေးအကြောင်းကြားသွားရန်နှင့် ရခိုင်ပြည်နယ်မှ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်များသို့ လာရောက်သူများအနေဖြင့် မိမိတို့လုပ်ငန်းတာဝန် ပြီးမြောက်သည်နှင့် နေရပ်သို့ ပြန်လည် ထွက်ခွာရန်ဖြစ်ပါကြောင်း ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်-

(က) **ရခိုင်ပြည်နယ်မှ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လာရောက်မည့်သူများ**

(၁) မည်သည့်အကြောင်းကိစ္စဖြင့် လာရောက်သည်ဖြစ်စေ မိမိနေထိုင်ရာ မြို့နယ်/ ရပ်ကွက်/ကျေးရွာများတွင်နေထိုင်ကြောင်း ထောက်ခံစာပြသရမည်ဖြစ်ကြောင်း၊

(၂) ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်တွင် နေထိုင်သူများအနေဖြင့် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ တာဝန်ရှိသူများ၏ ခွင့်ပြုချက်မပါရှိဘဲ လာရောက်ခြင်း သို့မဟုတ် လာရောက်ရန်ခေါ်ယူကြောင်း အကြောင်းကြားစာအား ပြသနိုင်ခြင်းမရှိဘဲ လာရောက်ခြင်းဖြစ်ပါက နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများသို့ ဝင်ရောက်၍ (၁၄)ရက်နေထိုင်ရန်၊ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ(၂)ကြိမ် ရယူစစ်ဆေးရမည်ဖြစ်ကြောင်းနှင့် ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (၇)ရက် နေထိုင်ရမည်ဖြစ်ကြောင်း၊

(၃) ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်တွင်နေထိုင်သော်လည်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသဖြင့် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လာရောက်ရန် အကြောင်းကြားစာရရှိသည့်သူများအား Facility Quarantine (၇)ရက်နေထိုင်စေပြီး Quarantine ဝင်ရောက်ပြီးနောက် (၁)ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက် နေ့တွင်လည်းကောင်း ဓာတ်ခွဲနမူနာစစ်ဆေးမှုခံယူစေပြီး သံသယရောဂါ လက္ခဏာ/ ရောဂါပိုးမတွေ့ရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများသို့ စေလွှတ်ခွင့်ပြုမည်ဖြစ်ကြောင်း၊

(၄) ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်တွင်နေထိုင်သော်လည်း ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လာရောက်လိုသော မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်ပြသနိုင်လျှင် Fast Track အဖြစ် သတ်မှတ်၍ Quarantine (၇)ရက်နေထိုင်စေပြီး Quarantine ဝင်ရောက်ပြီးနောက် (၁)ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက် နေ့တွင်လည်းကောင်း ဓာတ်ခွဲနမူနာ စစ်ဆေးမှုခံယူစေပြီး သံသယရောဂါ လက္ခဏာ/ ရောဂါပိုးမတွေ့ရှိမှသာ သက်ဆိုင်ရာ အဖွဲ့အစည်း၊ ဌာနများသို့ စေလွှတ်ခွင့်ပြုမည်ဖြစ်ကြောင်း၊

(၅) ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်တွင်နေထိုင်သော်လည်း တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့ သွားလာခွင့်ရှိသည့် အဖွဲ့ အစည်းများနှင့် ကုမ္ပဏီများမှ ဝန်ထမ်းများအနေဖြင့် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များရှိ ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန်လာရောက်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်ပြသနိုင်လျှင် Facility Quarantine (၁၄)ရက်နေထိုင်စေပြီး ဓာတ်ခွဲနမူနာ (၂)ကြိမ်စစ်ဆေးမှုခံယူစေပြီး သံသယရောဂါလက္ခဏာ/ ရောဂါပိုးမတွေ့ရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများသို့ စေလွှတ်ခွင့်ပြုမည်ဖြစ်ကြောင်း၊

(၆) ရခိုင်ပြည်နယ်ရှိ ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လာရောက်သူများကို မြို့အဝင်ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးမှုခံယူစေပြီး သံသယရောဂါ လက္ခဏာမတွေ့ရှိမှသာ မြို့တွင်းသို့ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊

(၇) သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှုကိုခံယူရမည်ဖြစ်ကြောင်း၊

**(ခ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် အခြေချနေထိုင်သူများ**

(၁) ရခိုင်ပြည်နယ်ရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်သို့ သွားရောက်ခဲ့ကြောင်း ခိုင်လုံသောအထောက်အထား တွေ့ရှိရလျှင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများသို့ ဝင်ရောက်စေပြီး (၁၄)ရက်နေထိုင်ရမည်ဖြစ်ပြီး ဓာတ်ခွဲနမူနာ(၂)ကြိမ် စစ်ဆေးမှု ခံယူစေရန်နှင့် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (၇)ရက် ထပ်မံနေထိုင်ရမည်ဖြစ်ကြောင်း၊

(၂) ရခိုင်ပြည်နယ်ရှိ ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ ပြန်လာသူများအနေဖြင့် မြို့အဝင်ဂိတ်များတွင် ကျန်းမာရေး စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး သံသယဖြစ်ဖွယ် ရောဂါလက္ခဏာမတွေ့ရှိမှသာ မြို့တွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊

(၃) သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှုကိုခံယူရမည်ဖြစ်ကြောင်း၊

၂။ သို့ဖြစ်ပါ၍ အထက်စာပိုဒ်ပါ ညွှန်ကြားချက်များအား သိရှိလိုက်နာဆောင်ရွက်သွားရန် ဖြစ်ကြောင်းနှင့်မြို့အဝင်/ အထွက်ဂိတ်များတွင် စနစ်တကျစစ်ဆေး ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ခင်မောင်လေး၊ အတွင်းရေးမှူး)

မိတ္တူကို

ဗိုလ်မှူးကြီးမင်းနောင်၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
ဦးတင်ထွန်း၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
နေပြည်တော်အဆင့်ဌာနဆိုင်ရာ(အားလုံး)
} မိမိလက်အောက်ရှိ ဝန်ထမ်းများအား ဆက်လက်အသိပေးဆောင်ရွက်သွားရန်
လှည့်လည်စာတွဲ
ရုံးလက်ခံ